ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

The Republic of the Union of Myanmar

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

Ministry of Agriclture, Livestock and Irrigation

# တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ

# The Animal Health and Livestock Development Law

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၃။)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း (၈) ရက်

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၆) ရက်။

(The Pyidaungsu Hluttaw Law No. 13, 2020)

The 8th Waxing Day of Wagaung, 1382 M.E.

(26th August 2020)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

The Republic of the Union of Myanmar

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

Ministry of Agriculture, Livestock and Irrigation

# တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ

# The Animal Health and Livestock Development Law

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၃။)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း (၈) ရက်

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၆) ရက်။

(The Pyidaungsu Hluttaw Law No. 13, 2020 )

The 8th Waxing Day of Wagaung, 1382 M.E.

(26th August 2020)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | ရည်ရွယ်ချက် | ၇ |
| ၃။ | ဗဟိုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | ၉ |
| ၄။ | တိရစ္ဆာန်ဆေးကုအရာရှိချုပ် တာဝန်ပေးအပ်ခြင်းနှင့် ယင်း၏ လုပ်ငန်းတာဝန်များ | ၁၂ |
| ၅။ | ဦးစီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၁၄ |
| ၆။ | စစ်ဆေးရေးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၁၉ |
| ၇။ | မွေးမြူရေးမြေနှင့် တိရစ္ဆာန်အစာအတွက် စိုက်ပျိုးသောမြေများ | ၂၁ |
| ၈။ | တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ | ၂၂ |
| ၉။ | မွေးမြူရေးလုပ်ငန်းများ | ၂၅ |
| ၁၀။ | ပြည်တွင်း၌ ထုတ်လုပ်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း | ၂၇ |
| ၁၁။ | ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်း | ၂၈ |
| ၁၂။ | ကူးစက်ရောဂါ ကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်း | ၂၉ |
| ၁၃။ | တိရစ္ဆာန်အား ညှဉ်းပန်းနှိပ်စက်ခြင်းမှ ကာကွယ်ခြင်း | ၃၀ |
| ၁၄။ | စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း | ၃၁ |
| ၁၅။ | တားမြစ်ချက်နှင့် ပြစ်ဒဏ်များ | ၃၃ |
| ၁၆။ | အထွေထွေ | ၃၉ |

# CONTENTS


| NO | PARTICULAR | PAGE |
|---|---|---|
| 1 | Title and Definitions | 1 |
| 2 | Objectives | 7 |
| 3 | Formation of Central Committee and its Functions | 9 |
| 4 | Assignment of Chief Veterinary Officer, Functions and Duties | 12 |
| 5 | Duties and Powers of the Department | 14 |
| 6 | Duties and Powers of Inspectors | 19 |
| 7 | Livestock Farmland and Cultivated Pastureland for Animal Feed | 21 |
| 8 | Veterinary Services | 22 |
| 9 | Livestock Production | 25 |
| 10 | Domestic Production or Distribution | 27 |
| 11 | Export or Import | 28 |
| 12 | Prevention and Control of Infectious animal Diseases | 29 |
| 13 | Prevention of Cruelty to Animals | 30 |
| 14 | Taking Administrative Action and Appeal | 31 |
| 15 | Prohibitions and Penalties | 33 |
| 16 | Miscellaneous | 39 |

# တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်   ၁၃ ။)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း   ၈   ရက်

( ၂၀၂၀ ပြည့်နှစ်၊   ဩဂုတ်လ   ၂၆   ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **တိရစ္ဆာန်** ဆိုသည်မှာ ကုန်းနေ၊ ရေနေ သို့မဟုတ် ကုန်းနေရေနေ သတ္တဝါကို ဆိုသည်။ ယင်းစကားရပ်တွင် ထိုတိရစ္ဆာန်တစ်မျိုးမျိုး၏ အထီးမျိုးရည်၊ အမမျိုးဥ၊ သန္ဓေသားလောင်းနှင့် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ တိရစ္ဆာန်အဖြစ် သတ်မှတ်သော သတ္တဝါတို့လည်း ပါဝင်သည်။

( ခ ) **မွေးမြူရေးလုပ်ငန်း** ဆိုသည်မှာ ငါးလုပ်ငန်းနှင့် ရေထွက်ပစ္စည်း ထုတ်လုပ်ခြင်း လုပ်ငန်းများ လုပ်ကိုင်ခြင်းမှအပ မွေးမြူခြင်းနည်းစနစ် တစ်မျိုးမျိုးဖြင့် တိရစ္ဆာန်များအား မွေးမြူခြင်းလုပ်ငန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်ခြင်း လုပ်ငန်း သို့မဟုတ် တိရစ္ဆာန်များအား မွေးမြူထုတ်လုပ်ခြင်း လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းနှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလည်း ပါဝင်သည်။

( ဂ ) **တိရစ္ဆာန်မျိုးရိုးဗီဇ** ဆိုသည်မှာ တိရစ္ဆာန်များ၏ အမျိုးအစား၊ မျိုးစိတ်၊ မျိုးနွယ်အလိုက် ရှိရမည့် ပင်ကိုအရည်အသွေးကို ဆိုသည်။

# The Animal Health and Livestock Development Law

**(The Pyidaungsu Hluttaw Law No. 13, 2020 )**

**The 8th Waxing Day of Wagaung, 1382 M.E.**

**(26th August 2020)**

**The Pyidaungsu Hluttaw hereby enacts this Law.**

## Chapter I

## Title and Definitions

1. This Law shall be called **the Animal Health and Livestock Development Law**.

2. The following expressions in this Law shall have the meanings given below:

   (a) **Animal** means terrestrial animals, aquatic animals or amphibians. This expression also includes semen, ova and embryos of any of the said animals and creatures specified as animals in the notification issued by the Ministry from time to time;

   (b) **Livestock production** means breeding of animals by means of any method for breeding and production of animal products except fisheries and fishery products. Such expression also includes the small scale livestock farming and commercial livestock farming;

   (c) **Animal gene** means genes or inheritability relating to taxonomic categories of breeds, species and families of animals;

(ဃ) **တိရစ္ဆာန်ထွက်ပစ္စည်း** ဆိုသည်မှာ တိရစ္ဆာန်မှ ထွက်ရှိသော အသား၊ နို့၊ ဥ၊ သွေး၊ အရိုး၊ သားရေ၊ အရည်၊ အမွေး၊ မစင်၊ အန်ဖတ်၊ အဆီ သို့မဟုတ် တိရစ္ဆာန်၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းတစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် ပျားနှင့် ပျားအုံမှရရှိသော ပျားထွက်ပစ္စည်းများလည်း ပါဝင်သည်။

( င ) **တိရစ္ဆာန်အစာ** ဆိုသည်မှာ တိရစ္ဆာန်ကို ကျွေးမွေးရန် သမားရိုးကျ ရောစပ်၍ဖြစ်စေ၊ ခေတ်မီနည်းဖြင့် ဖော်စပ်၍ဖြစ်စေ၊ ယင်းသို့ရောစပ်ခြင်း၊ ဖော်စပ်ခြင်း မပြုဘဲ သဘာဝအရဖြစ်စေ တိရစ္ဆာန်များစားသုံးသည့်အစာကို ဆိုသည်။

( စ ) **တိရစ္ဆာန်သုံးဆေးဝါး** ဆိုသည်မှာ တိရစ္ဆာန်အတွက် ရောဂါရှာဖွေရန်၊ ကာကွယ်ရန်၊ ကုသရန်၊ သုတေသနပြုရန်၊ အာဟာရဖြည့်စွက်ရန်၊ သန္ဓေတားရန်၊ ခွဲစိတ်ရန်၊ ဇီဝကမ္မဖြစ်စဉ် မြှင့်တင်ပေးရန် သို့မဟုတ် အကျိုးသက်ရောက်မှုတစ်ခုခုဖြစ်စေရန် ခန္ဓာကိုယ်အတွင်း သို့မဟုတ် ခန္ဓာကိုယ်ပြင်ပအတွက် အသုံးပြုသောပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ တိရစ္ဆာန်သုံးဆေးဝါးဟု သတ်မှတ်သောပစ္စည်းလည်း ပါဝင်သည်။

(ဆ) **တိရစ္ဆာန်သုံးပစ္စည်း** ဆိုသည်မှာ မွေးမြူရေးလုပ်ငန်း၊ တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း၊ တိရစ္ဆာန်အလှဆင်လုပ်ငန်းများတွင် အသုံးပြုသည့် ပစ္စည်းများနှင့် တိရစ္ဆာန်အား ထိန်းချုပ်ရာတွင် အသုံးပြုသော ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ တိရစ္ဆာန်သုံးပစ္စည်းဟု သတ်မှတ်သော ပစ္စည်းလည်း ပါဝင်သည်။

( ဇ ) **မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း** ဆိုသည်မှာ သဘာဝအတိုင်း မဟုတ်ဘဲ လူတို့ ပြုပြင်ထုတ်လုပ်ထားသော မျိုးရိုးဗီဇပြောင်း ဇီဝပစ္စည်းကို ဆိုသည်။

(d) **Animal product** means any product derived from animals such as meat, milk, egg, blood, bone, skin, liquid, feather, fur, feces, vomit, fat or any part of an animal. Such expression also includes bee products from bees and bee colonies;

(e) **Animal feed** means any feed for animal whether it is a mixture, or processed or semi-processed or raw food;

(f) **Veterinary medicinal product** means any substance that is administered or applied to animals for diagnosis, prevention of animal diseases, treatment, research, nutritional supplement, contraception, surgical operation or alteration of physiological and mental effect. Such expression also includes substances specified as veterinary medicinal products in the notification issued by the Ministry from time to time;

(g) **Animal Equipment** means tools used in livestock production, veterinary services, animal grooming and spa, and restraints. Such expression also includes any tools specified as animal equipment in the notification issued by the Ministry from time to time;

(h) **Genetically modified organism** means organisms in which the genetic material has been altered in a way that does not occur naturally;

( ဈ ) **ကူးစက်ရောဂါ** ဆိုသည်မှာ တိရစ္ဆာန်အချင်းချင်းသော်လည်းကောင်း၊ တိရစ္ဆာန်မှ လူကိုသော်လည်းကောင်း၊ လူမှတိရစ္ဆာန်ကိုသော်လည်းကောင်း အပြန်အလှန် ကူးစက်တတ်သောရောဂါကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါဟု သတ်မှတ်သောရောဂါ တစ်မျိုးမျိုးလည်း ပါဝင်သည်။

(ည) **ငါးလုပ်ငန်း** ဆိုသည်မှာ ငါးနှင့်ပတ်သက်သောလုပ်ငန်းများကို သက်ဆိုင်ရာ ဥပဒေနှင့်အညီ စနစ်တကျ စီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းဆီးခြင်း၊ သားဖောက်ခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်း စသည့်လုပ်ငန်းများလည်း ပါဝင်သည်။

( ဋ ) **တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်း** ဆိုသည်မှာ ဦးစီးဌာနက သတ်မှတ်သည့် တိရစ္ဆာန်အကောင်အရေအတွက်ဖြင့် လုပ်ကိုင်သော မွေးမြူရေးလုပ်ငန်းကို ဆိုသည်။

( ဌ ) **စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း** ဆိုသည်မှာ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းထက် ကျော်လွန်လုပ်ကိုင်သော မွေးမြူရေးလုပ်ငန်းကို ဆိုသည်။

( ဍ ) **မွေးမြူသူ** ဆိုသည်မှာ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်း သို့မဟုတ် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူကို ဆိုသည်။ ယင်းစကားရပ်တွင် တိရစ္ဆာန်ပိုင်ရှင် သို့မဟုတ် တိရစ္ဆာန်လက်ဝယ်ရှိသူလည်း ပါဝင်သည်။

( ဎ ) **သားသတ်ရုံ** ဆိုသည်မှာ စီးပွားဖြစ်ထုတ်လုပ်ရန် တိရစ္ဆာန်ကို သတ်ဖြတ်သည့် အဆောက်အအုံ သို့မဟုတ် နေရာကို ဆိုသည်။

(i) **Infectious disease** means any disease transmits among animals or from animal to human or from human to animal. Such expression also include any animal diseases specified as an infectious animal disease in the notification issued by the Ministry from time to time;

(j) **Fishery** means carrying out activities relating to fishes for the purpose of systematic management, commercial production, conservation of species and for the development of such activities in accordance with the related Law. Such expression also includes activities such as fishing, breeding, aquaculture, exploration, research, stocking, propagation, processing, transporting, storing and marketing;

(k) **Small scale livestock farming** means farming within the number of animals prescribed by the Department;

(l) **Commercial livestock farming** means breeding and production of animals in excess of the number of animals prescribed for the small scale farming;

(m) **Farmer** means the person who is operating small scale livestock farming or commercial livestock farming. Such expression also includes the owner of animals, or the person who is in possession of animals;

(n) **Slaughterhouse** means any building or place used for commercial slaughtering;

(ဏ) **သားသတ်ခြင်းလုပ်ငန်း** ဆိုသည်မှာ စီးပွားဖြစ် ထုတ်လုပ်ရောင်းချရန် တိရစ္ဆာန်ကို သတ်ဖြတ်သည့်လုပ်ငန်းကို ဆိုသည်။

(တ) **ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်** ဆိုသည်မှာ မွေးမြူသူများ လိုက်နာရန် ဦးစီးဌာနက သတ်မှတ်ထားသည့် မွေးမြူရေးနည်းစနစ် သတ်မှတ်ချက်များကို ဆိုသည်။

(ထ) **ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်** ဆိုသည်မှာ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါးနှင့် တိရစ္ဆာန်သုံးပစ္စည်း ထုတ်လုပ်သူများ လိုက်နာရန် ဦးစီးဌာနက သတ်မှတ်ထားသည့် ထုတ်လုပ်မှုနည်းစနစ် သတ်မှတ်ချက်များကို ဆိုသည်။

( ဒ ) **တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းနှင့်စပ်လျဉ်းသော တိရစ္ဆာန်ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်း၊ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်း၊ တိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တိရစ္ဆာန်အလှပြုပြင်ခြင်း၊ တိရစ္ဆာန်များကို လေ့ကျင့်သင်ကြားပေးခြင်း၊ ဓာတ်ခွဲခန်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ယင်းနှင့်သက်ဆိုင်သည့် လုပ်ငန်းများကို ဆိုသည်။

( ဓ ) **ထောက်ခံချက်လက်မှတ်** ဆိုသည်မှာ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံး ဆေးဝါးများနှင့်စပ်လျဉ်း၍ ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းတို့အတွက် သယ်ဆောင်ခြင်းကို သော်လည်းကောင်း၊ တိရစ္ဆာန်ကျန်းမာရေးကို သော်လည်းကောင်း၊ အရည်အသွေးကို သော်လည်းကောင်း စစ်ဆေးပြီး ဦးစီးဌာနက ထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(o) **Slaughtering** means killing of animals for commercial production;

(p) **Good Animal Husbandry Practice** means the standard practices for livestock production prescribed by the Department to be complied with by the farmers;

(q) **Good Manufacturing Practice** means the standard practices for manufacturing prescribed by the Department to be complied with by the farmers and manufacturers of animal products, animal feed, veterinary medicinal products and animal equipment;

(r) **Veterinary service** means animal health service related to veterinary public health, animal health care, infectious animal disease prevention and control, animal sheltering and keeping, grooming and spa, training for animal and laboratory and its related services;

(s) **Recommendation certificate** means the **veterinary** certificate issued for import or export of animals, animal products, genetically modified organisms, animal feed, animal equipment or veterinary medicinal products after ways and means of transportation or animal health or quality has been examined by the Department;

( န ) **ခွင့်ပြုလက်မှတ်** ဆိုသည်မှာ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထား သောဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ ထုတ်လုပ်ခြင်း လုပ်ငန်း၊ ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ သယ်ဆောင်ခြင်းလုပ်ငန်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်း၊ သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်း အတွက် စစ်ဆေးပြီး ဦးစီးဌာနက ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

( ပ ) **တိရစ္ဆာန်အစာအတွက်စိုက်ပျိုးသောမြေ** ဆိုသည်မှာ တိရစ္ဆာန်များ လွှတ်ကျောင်းရန် သို့မဟုတ် အစာစားသုံးနိုင်ရန် စိုက်ပျိုးထားသော မြေနေရာကို ဆိုသည်။

( ဖ ) **စားကျက်မြေ** ဆိုသည်မှာ တိရစ္ဆာန်တို့ လှည့်လည်သွားလာရှာဖွေ စားသောက်ရန် သတ်မှတ်ထားသော မြေနေရာကို ဆိုသည်။

( ဗ ) **မွေးမြူရေးမြေ** ဆိုသည်မှာ မွေးမြူရေးလုပ်ငန်းအတွက်သော်လည်းကောင်း၊ တိရစ္ဆာန်မွေးမြူထုတ်လုပ်ခြင်းနှင့်သက်ဆိုင်သည့် လုပ်ငန်းများအတွက် သော်လည်းကောင်း သီးသန့် လုပ်ကိုင်ဆောင်ရွက်သော မြေနေရာကို ဆိုသည်။

(ဘ) **ပျားစားကျက်** ဆိုသည်မှာ ပျားများစားသုံးရန် အာဟာရဖြစ်သော ဝတ်ရည် ဖြစ်စေ၊ ဝတ်မှုန်ဖြစ်စေ၊ ဝတ်ရည်နှင့်ဝတ်မှုန်နှစ်မျိုးလုံးဖြစ်စေ ရရှိသော ရာသီအလိုက် စိုက်ပျိုးသီးနှံပင်များ၊ ဥယျာဉ်ခြံများ၊ နှစ်ရှည်ပင်များ၊ သဘာဝ သစ်တောချုံနွယ်နှင့်ပေါင်းပင်များ တည်ရှိသောနေရာကို ဆိုသည်။

( မ ) **စစ်ဆေးရေးစခန်း** ဆိုသည်မှာ ပြည်ပသို့တင်ပို့သော သို့မဟုတ် ပြည်ပမှ တင်သွင်းသော တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများတွင် ကူးစက်ရောဂါ ကင်းရှင်းခြင်း ရှိ မရှိ၊ သတ်မှတ်ချက်များ၊ ဖော်ပြချက်များနှင့် ပြည့်စုံ ကိုက်ညီခြင်း ရှိ မရှိ စစ်ဆေးနိုင်ရေးအတွက် ဦးစီးဌာနက သတ်မှတ်ထား သောနေရာကို ဆိုသည်။

(t) **Permit** means the certificate issued for domestic production, processing or distribution of animals, animal products, genetically modified organisms, animal feed, animal equipment or veterinary medicinal products, veterinary service, livestock production, establishment of slaughterhouse or slaughtering after being examined by the Department;

(u) **Cultivated pastureland for animal feed** means land which is cultivated for grazing or feeding of animals;

(v) **Pastureland** means a specific grazing land for animals;

(w) **Livestock farmland** means a specific land used for livestock production and related activities;

(x) **Bee pasture** means a place where there are seasonal crops, orchards, perennial trees, natural forest, bushes, vines and weeds which produce nutritious nectar or pollen, or both nectar and pollen for bees;

(y) **Checkpoint** means a place designated by the Department for veterinary inspection whether the imported or exported animals and animal products are free from infectious animal diseases and whether those meet the specifications and descriptions;

(ယ) **တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း** ဆိုသည်မှာ ပြည်ပသို့ တင်ပို့သော သို့မဟုတ် ပြည်ပမှတင်သွင်းသော တိရစ္ဆာန်အား ကူးစက်ရောဂါကင်းရှင်းခြင်း ရှိ မရှိ သတ်မှတ်ကာလအထိ သီးသန့်ထားရှိပြီး စောင့်ကြည့်စစ်ဆေးသည့်နေရာကိုဆိုသည်။

( ရ ) **ဓာတ်ခွဲခန်း** ဆိုသည်မှာ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး၊ တိရစ္ဆာန်သုံးပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း သို့မဟုတ် တိရစ္ဆာန်များ၏ ဇီဝဗေဒ၊ အဏုဇီဝဗေဒ၊ ဓာတုဗေဒ၊ အာဟာရဗေဒ၊ အဆိပ်ဓာတ်နှင့် ရုပ်ပိုင်းဆိုင်ရာ ဓာတ်ခွဲစမ်းသပ်မှုများနှင့် ရေဒီယိုသတ္တိကြွမှုများကို တိုင်းတာစစ်ဆေးသော ဝန်ဆောင်မှုပေးသည့် နေရာကို ဆိုသည်။

(လ) **ရည်ညွှန်းကိုးကားဓာတ်ခွဲခန်း** ဆိုသည်မှာ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ သို့မဟုတ် နိုင်ငံတကာက အသိအမှတ်ပြုထားသော စံချိန်စံညွှန်းများနှင့် အညီ တိရစ္ဆာန်ကျန်းမာရေးနှင့်စပ်လျဉ်း၍ ဓာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းများကို အထောက်အကူပေးခြင်း၊ ဓာတ်ခွဲခန်း တွေ့ရှိချက် အတည်ပြုပေးခြင်းတို့ကို ဆောင်ရွက်ပေးသည့်ဓာတ်ခွဲခန်းကို ဆိုသည်။

( ဝ ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဆိုသည်။

(သ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနကို ဆိုသည်။

(ဟ) **ဝန်ကြီး** ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

( ဠ ) **ဦးစီးဌာန** ဆိုသည်မှာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကို ဆိုသည်။

(အ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ကိုဆိုသည်။

(z) **Animal quarantine station** means a designated place where the imported animals or animals to be exported are maintained in isolation for a definite period to observe whether they are free from infectious animal diseases;

(aa) **Laboratory** means a place providing biological, microbiological, chemical, nutritional, toxical and physical analysis service and radioactivity testing service for animal feed, animal products, veterinary medicinal products, genetically modified organisms or animals;

(bb) **Reference laboratory** means the laboratory which assists other laboratories in conducting laboratory testing and confirms the laboratory results in accordance with the standards recognized by the World Organization for Animal Health (OIE) or Internationally;

(cc) **Central Committee** means the Animal Health and Livestock Development Central Committee formed by this Law;

(dd) **Ministry** means the Ministry of Agriculture, Livestock and Irrigation, the Union Government;

(ee) **Minister** means the Union Minister for the Ministry of Agriculture, Livestock and Irrigation;

(ff) **Department** means the Livestock Breeding and Veterinary Department;

(gg) **Director General** means the director general of the Livestock Breeding and Veterinary Department;

(ကက)**တိရစ္ဆာန်ဆေးကုအရာရှိချုပ်** ဆိုသည်မှာ ဝန်ကြီးဌာနက တိရစ္ဆာန်ဆေးကု အရာရှိချုပ်အဖြစ် ဤဥပဒေအရခန့်အပ်သော တိရစ္ဆာန်ဆေးကုဆရာဝန် ကို ဆိုသည်။

( ခခ )**စစ်ဆေးရေးမှူး** ဆိုသည်မှာ ဦးစီးဌာနက သတ်မှတ်သောလုပ်ငန်းများကို စစ်ဆေးရန် ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသော ဝန်ထမ်းတစ်ဦးဦးကို ဆိုသည်။

(ဂဂ) **တိရစ္ဆာန်ကျန်းမာရေးလုပ်သား** ဆိုသည်မှာ ဦးစီးဌာနက ဖွင့်လှစ်သော တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ အခြေခံသင်တန်း တက်ရောက်အောင်မြင်ပြီး ဦးစီးဌာနက သတ်မှတ်သောလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခွင့် ရသည့် အသိအမှတ်ပြုလက်မှတ် ရရှိသူကို ဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း၊ တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း၊ အရည်အသွေးပြည့်မီကောင်းမွန်သော တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါး၊ တိရစ္ဆာန်သုံးပစ္စည်းနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ထုတ်လုပ်သည့်လုပ်ငန်း၊ သုတေသနနှင့် ပညာပေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရန်၊

(hh) **Chief Veterinary Officer** means a veterinarian appointed as a Chief Veterinary Officer by the Ministry under this Law;

( ii ) **Inspector** means any staff member assigned to inspect the activities prescribed by the Department;

( jj ) **Community animal health worker** means a certified person who has passed the basic animal health training organized by the Department, and been allowed to assist and participate in specific activities prescribed by the Department.

## Chapter II

## Objectives

3. The objectives of this Law are as follows:

(a) to ensure the development of animal health and livestock production, veterinary services, manufacturing of quality animal feed, veterinary medicinal products and animal equipment and animal products, research and awareness activities;

( ခ ) ပြည်တွင်းစားသုံးမှုဖူလုံစေပြီး ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်းတို့တွင် အာဟာရပြည့်ဝ၍ အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်သည့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက် ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးနိုင်စေရန်၊

( ဂ ) တိရစ္ဆာန်မျိုးရိုးဗီဇ အရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းရေးနှင့် မျိုးကောင်းမျိုးသန့် ရရှိရေးတို့အတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(ဃ) ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ခြင်း၊ စူးစမ်းလေ့လာခြင်းနှင့် ဖြစ်ပွားသည့်အခါ စနစ်တကျ တုံ့ပြန်ထိန်းချုပ်ခြင်း တို့ကို ဆောင်ရွက်နိုင်ရန်နှင့် တိရစ္ဆာန်မှလူသို့ ကူးစက်တတ်သော ရောဂါ များကို ကာကွယ်ထိန်းချုပ်ရန်၊

( င ) တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ မွေးမြူခြင်း၊ ထုတ်လုပ်ခြင်း၊ ပြုပြင် ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများကို ချိတ်ဆက် ဆောင်ရွက်နိုင်ရန်၊

( စ ) တိရစ္ဆာန်များကို တမင်ညှဉ်းပန်းနှိပ်စက်ခြင်းနှင့်စပ်လျဉ်း၍ ဥပဒေကြောင်း အရ ကာကွယ်စောင့်ရှောက်ပေးရန်၊

(ဆ) မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သော ငွေကြေး၊ နည်းပညာနှင့် မျိုးကောင်းမျိုးသန့် ထောက်ပံ့ပေးရန်၊ မွေးမြူရေးမြေ၊ မွေးမြူရေးခြံအဖြစ် စနစ်တကျ လုပ်ကိုင်နိုင်စေရန်နှင့် ဈေးကွက်ဖော်ဆောင် ပေးရန်။

(b) to ensure production and distribution of nutritious, safe and quality animals and animal products for the sufficiency of domestic consumption and importation or exportation;

(c) to ensure cooperation and collaboration among Government Departments, Government Organizations, other Institutions, International Government Departments and Organizations for conservation of animal genetic resources and for obtaining good quality breeds;

(d) to prevent and surveil infectious and zoonotic diseases, and to take systematic response and control measures when they occur;

(e) to promote cooperation among livestock production, processing, distribution and marketing of animals and animal products;

(f) to prevent willful cruelty to animals in accordance with law;

(g) to provide financial and technical assistance, and good quality breeds for livestock production development and to ensure that livestock farming and livestock production are carried out in farms and on livestock farmland systematically and to promote market access.

## အခန်း(၃)
## ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်–

(က) ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

| | | |
|---|---|---|
| (၁) | ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး | ဥက္ကဋ္ဌ |
| (၂) | ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး | ဒုတိယဥက္ကဋ္ဌ |
| (၃) | သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့ အစည်းများမှ ညွှန်ကြားရေးမှူးချုပ် အဆင့်အောက် မနိမ့်သော ပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၄) | တိရစ္ဆာန်ဆေးပညာကောင်စီမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၅) | မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၆) | မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ် တစ်ဦး | အဖွဲ့ဝင် |
| (၇) | မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ် တစ်ဦး | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | တိရစ္ဆာန်ဆေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူ တစ်ဦး | အဖွဲ့ဝင် |
| (၁၀) | မွေးမြူရေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူ တစ်ဦး | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အတွင်းရေးမှူး |
| (၁၂) | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | တွဲဖက် အတွင်းရေးမှူး |

## Chapter III

## Formation of Central Committee and its Functions

4. The Union Government:

(a) shall form the Central Committee as follows:

| | | |
|---|---|---|
| (i) | Union Minister of the Ministry | Chairperson |
| (ii) | Deputy Minister of the Ministry | Vice–Chairperson |
| (iii) | the person not below the rank of Director General from the relevant government departments, government organizations or other Institutions | Member |
| (iv) | one representative from the Veterinary Council | Member |
| (v) | one representative from Myanmar Veterinary Association | Member |
| (vi) | one representative from Myanmar Livestock Federation | Member |
| (vii) | one representative from Myanmar Fisheries Federation | Member |
| (viii) | Director General of the Department of Fisheries | Member |
| (ix) | an expert in Veterinary Medicine | Member |
| (x) | an expert in Animal Science | Member |
| (xi) | Director General of Livestock Breeding and Veterinary Department | Secretary |
| (xii) | Deputy–Director General of Livestock Breeding and Veterinary Department | Joint Secretary |

( ခ ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းသည့် ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

( ဂ ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်ကို သတ်မှတ်ရမည်။

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း၊

( ခ ) တိရစ္ဆာန်ကူးစက်ရောဂါမဖြစ်ပွားစေရေးနှင့် ဖြစ်ပွားပါက ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း၊

( ဂ ) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်း၌ မွေးမြူခြင်း၊ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ သယ်ယူခြင်း၊ ရောင်းချခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှတင်သွင်းခြင်းတို့ကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်မီသော တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို ဈေးကွက်ရရှိရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

( င ) ပြည်တွင်း၌ တိရစ္ဆာန်အစာထုတ်လုပ်သည့် ကုန်ကြမ်းများ လုံလောက်စွာ ရရှိရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများနှင့် ပေါင်းစပ် ညှိနှိုင်းပေးခြင်း၊

( စ ) တိရစ္ဆာန်သုံးဆေးဝါးများနှင့်စပ်လျဉ်း၍ စစ်ဆေးခြင်း၊ စနစ်တကျသုံးစွဲခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(b) may re–form the Central Committee formed under sub–section (a), if necessary;

(c) shall prescribe the honorarium and allowance for the members of the Central Committee who are not civil service personnel.

5. The functions of the Central Committee are as follows:

(a) establishing the policies for the development of animal health and livestock production;

(b) establishing the policies for prevention and control of infectious animal diseases when they occur;

(c) coordinating with the relevant Government Departments, Government Organizations and other Institutions for livestock production, processing, transportation, marketing, importation and exportation of animals and animal products in accordance with the stipulations;

(d) coordinating with the relevant government departments, government organizations and other institutions to promote the market access for safe and quality animals and animal products;

(e) coordinating with the relevant government departments, government organizations and other institutions to obtain raw materials sufficiently for domestic production of animal feed;

(f) coordinating with the relevant government departments, government organizations and other institutions in relation to inspection and supervision on systematic use of veterinary medicinal products;

(ဆ) သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသများမှ မွေးမြူသူများနှင့် ကူးစက်ရောဂါကြောင့် ဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ တိရစ္ဆာန်များ သုတ်သင်ရှင်းလင်းခံရသည့် မွေးမြူသူများ၏ ဆုံးရှုံးနစ်နာမှုများအတွက် လိုအပ်သော ကူညီထောက်ပံ့မှုများရရှိရန် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

( ဇ ) မွေးမြူသူများနှင့် စားသုံးသူများ သင့်တင့်မျှတစွာ ရောင်းဝယ်နိုင်စေရေး အတွက် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဈ ) မွေးမြူရေးမြေအဖြစ် စနစ်တကျ လုပ်ကိုင်နိုင်စေရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ည) စားကျက်မြေနှင့် တိရစ္ဆာန်အစာအတွက် စိုက်ပျိုးသောမြေများကို ထိန်းသိမ်း နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

( ဋ ) မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် မွေးမြူရေးမြေ၊ စားကျက်မြေ နှင့် တိရစ္ဆာန်အစာအတွက် စိုက်ပျိုးသောမြေများအဖြစ် သတ်မှတ်ပြီး စီမံခန့်ခွဲနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

( ဌ ) တိရစ္ဆာန်နှင့်စပ်လျဉ်းသည့် သုတေသနလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် လိုအပ်သော ငွေကြေးနှင့် နည်းပညာများရရှိရန် ပြည်တွင်းပြည်ပ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(g) coordinating to provide necessary assistance to farmers in the disaster affected areas and the farmers whose animals are killed under the instruction of the Ministry due to infectious animal diseases;

(h) coordinating with the relevant government departments, government organizations and other institutions in relation to distribution and sale of animals and animal products for the fair trade between farmers and consumers;

(i) coordinating with the relevant government departments, government organizations and other institutions to carry out livestock production on livestock farmland systematically;

(j) coordinating with the relevant government departments, government organizations and other institutions for conservation and development of the pastureland and cultivated pastureland for animal feed;

(k) determining the farmland, pastureland and cultivated pastureland for animal feed for the purpose of livestock production development, and submitting it to the Union Government for the land management;

(l) coordinating with local and foreign individuals or institutions to obtain the funding and technology necessary for the development of research related to animals, animal health and livestock production;

( ဍ ) ခိုင်းကျွဲ၊ ခိုင်းနွား အပါအဝင် တိရစ္ဆာန်ကောင်ရေတိုးပွားရေးနှင့် ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများ တိုးတက်ရေးတို့အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

( ဎ ) တိရစ္ဆာန်မှလူသို့ ကူးစက်နိုင်သော ရောဂါများကို ကာကွယ်ထိန်းချုပ်နိုင်ရေး အတွက် ပြည်တွင်းပြည်ပ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဏ) မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည့် ကိစ္စရပ်များ ပေါ်ပေါက်ပါက အကြံပြုချက်နှင့်အတူ တင်ပြခြင်း၊

(တ) လိုအပ်သော လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်းနှင့် ယင်းလုပ်ငန်း ကော်မတီများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ထ) တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စု အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၆။ ဗဟိုကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်များကို လိုအပ်ပါက ဝန်ကြီးဌာန အောက်ရှိ သက်ဆိုင်ရာ ဦးစီးဌာနတစ်ခုခုသို့ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း(၄)

## တိရစ္ဆာန်ဆေးကုအရာရှိချုပ် တာဝန်ပေးအပ်ခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ

၇။ ဝန်ကြီးဌာနသည် ဦးစီးဌာနရှိ ရာထူးအမြင့်ဆုံးသော တိရစ္ဆာန်ဆေးကုဆရာဝန်ကို တိရစ္ဆာန် ဆေးကုအရာရှိချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရမည်။

(m) coordinating with the relevant government departments, government organizations and other institutions to increase animal population including draught cattle, and to develop livestock production;

(n) coordinating with the relevant national and international government departments, government organizations and other institutions for prevention and control of zoonotic diseases;

(o) submitting the matters in relation to livestock production development, together with suggestions to the Union Government if the matters arise;

(p) forming the necessary working committees and prescribing their functions and duties;

(q) performing other duties in relation to animal health and livestock production assigned by the Union Government from time to time.

6. The Central Committee may delegate its functions to any relevant department under the Ministry if necessary.

## Chapter IV

## Assignment of Chief Veterinary Officer, Functions and Duties

7. The Ministry shall appoint the highest ranking veterinarian serving in the Department as the Chief Veterinary Officer, and assign duties.

၈။ တိရစ္ဆာန်ဆေးကုအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မိမိနိုင်ငံ၏ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ အခြေအနေများကို ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့သို့ အသိပေးအကြောင်းကြားခြင်း၊

(ခ) တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် တိရစ္ဆာန်များ သက်သောင့်သက်သာစွာ နေထိုင် စားသောက်နိုင်ရေး (Animal Welfare) ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဂ) ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့က ထုတ်ပြန်သော တိရစ္ဆာန်ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) မိမိနိုင်ငံနှင့် နိုင်ငံခြားတိုင်းပြည်များအကြား အပြန်အလှန် ထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်းနှင့် လိုအပ်ပါက ယင်းကိစ္စကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခုသို့ တာဝန်ပေးလွှဲအပ် ဆောင်ရွက် စေနိုင်ခြင်း၊

(င) ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော ကဏ္ဍများအလိုက် တာဝန်ယူဆောင်ရွက်ရမည့် ကိုယ်စားလှယ်များကို ရွေးချယ် တာဝန် ပေးအပ်ခြင်း၊

(စ) ပြည်တွင်းရှိ တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများကို ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့၏ ရည်ညွှန်းကိုးကားဓာတ်ခွဲခန်းနှင့် ပူးပေါင်းဆောင်ရွက် ရေး ဗဟိုဌာနများမှ အသိအမှတ်ပြုမှုရရှိစေရန် ဆောင်ရွက်ခြင်း၊

(ဆ) ဦးစီးဌာနက ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ ရည်မှန်းချက်၊ ဦးတည်ချက် များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြီးကြပ်ခြင်း၊

8. The functions and duties of the Chief Veterinary Officer are as follows:

(a) reporting animal health status of the Union to the World Organization for Animal Health (OIE);

(b) overseeing the matters in relation to animal health and animal welfare;

(c) negotiating with the relevant countries regarding the application of standards and manuals for the prevention and control of animal diseases and trade established by the World Organization for Animal Health (OIE);

(d) issuing mutually recognized veterinary certificate between the Union and foreign countries, and delegating such function to any relevant Government Department, or Government Organization if necessary;

(e) nominating and designating the national focal points for the stipulated sectors specified by the World Organization for Animal Health;

(f) taking measures necessary for the local veterinary diagnostic laboratories to be accredited and recognized by the World Organization for Animal Health (OIE) reference laboratories and collaborating centers;

(g) supervising the activities of the Department to be in line with the vision and mission of the World Organization for Animal Health (OIE);

( ဇ ) တိရစ္ဆာန်များနှင့်စပ်လျဉ်း၍ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ အကြံပြုချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ကြီးကြပ်ခြင်း။

## အခန်း(၅)

## ဦးစီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၉။ ဦးစီးဌာနသည် တိရစ္ဆာန်ကျန်းမာရေးနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) တိရစ္ဆာန် ကူးစက်ရောဂါ ကာကွယ်ဆေးနှင့် ကုသဆေးများကို သုတေသနပြုခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ပြည်ပမှ မှာယူတင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်း၊

( ခ ) တိရစ္ဆာန်ရောဂါ ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

( ဂ ) ပြည်သူ့ကျန်းမာရေးနှင့်စပ်လျဉ်းသည့် တိရစ္ဆာန်ဆေးပညာဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အသိပညာပေးခြင်း၊

(ဃ) ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်း၊ ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းနှင့် ယင်းထောက်ခံချက်လက်မှတ် သို့မဟုတ် ခွင့်ပြုလက်မှတ်ထုတ်ပေးခဲ့သည့် လုပ်ငန်းများကို စစ်ဆေးကြီးကြပ်ခြင်း၊

( င ) လိုအပ်သည့်နေရာဒေသများတွင် စစ်ဆေးရေးစခန်းနှင့် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ရောဂါကင်းရှင်းဇုန်နှင့် ရောဂါထိန်းချုပ်ဇုန် တည်ထောင်ခြင်း၊

( စ ) တိရစ္ဆာန်ကျန်းမာရေးလုပ်သားများကို လေ့ကျင့်သင်တန်းပေးခြင်း၊ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် လုပ်ငန်းတာဝန် ခွဲဝေသတ်မှတ်ပေးခြင်း၊

(ဆ) တိရစ္ဆာန်အရှင်များ ရောင်းဝယ်ရန် သတ်မှတ်ထားသည့် နေရာများရှိ ရောင်းဝယ်မည့် တိရစ္ဆာန်များအား ကျန်းမာရေးစစ်ဆေးခြင်း၊

(h) supervising the persons concerned or organizations to comply with the standards and recommendations prescribed by the World Organization for Animal Health(OIE).

## Chapter V

## Duties and Powers of the Department

9. In relation to animal health, the Department shall:

(a) conduct research on, produce, distribute, import and export veterinary vaccines and medicines;

(b) carry out activities for prevention and treatment of animal diseases;

(c) carry out activities relating to veterinary public health and raising public awareness;

(d) issue recommendation certificates and permits, and inspect and oversee the activities for which such certificates or permits were issued;

(e) establish checkpoints, animal quarantine stations, animal disease free zones and disease control zones in the necessary areas;

(f) conduct training for community animal health workers, issue recognition certificates, supervise and assign responsibilities to them;

(g) inspect health of animals to be sold and bought at the places designated for live animal markets;

( ဇ ) ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းနှင့် ယင်းသို့ ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

၁၀။ ဦးစီးဌာနသည် မွေးမြူရေးနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) မွေးမြူသူများအတွက် နည်းပညာဖြန့်ဖြူးခြင်း၊ မွေးမြူရေးဆိုင်ရာ စံအရည်အသွေးများ သတ်မှတ်ခြင်းနှင့် မွေးမြူရေးဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ခြင်း၊

( ခ ) ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်၊ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်တို့နှင့်အညီ မွေးမြူထုတ်လုပ်နိုင်ရေးအတွက် အသိပညာပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

( ဂ ) တိရစ္ဆာန်မျိုးရိုးဗီဇအရင်းအမြစ် မျိုးကောင်းမျိုးသန့်များ ထိန်းသိမ်းခြင်းနှင့် မူပိုင်ခွင့် မှတ်ပုံတင်ခြင်း၊ ဖြန့်ဖြူးပေးခြင်း၊ လေ့ကျင့်ပညာပေးခြင်းနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) ထုတ်လုပ်မှုကောင်းပြီး ဒေသ၊ ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များ ပေါ်ထွန်းလာစေရေးအတွက် မျိုးမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များ ဖြန့်ဖြူးပေးခြင်း၊ လေ့ကျင့်ပညာပေးခြင်းနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

( င ) မွေးမြူရေးလုပ်ငန်းအတွက် ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းနှင့် မွေးမြူရေးလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

( စ ) တိရစ္ဆာန်မျိုးရိုးဗီဇ တင်သွင်းမှုနှင့် တင်ပို့မှုများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(h) carry out activities for prevention and control of infectious animal diseases and collaborate with the relevant government departments, government organizations and other institutions, if necessary.

10. In relation to livestock production, the Department shall:

(a) disseminate technologies to farmers, prescribe the quality standards and oversee livestock production;

(b) raise public awareness and oversee livestock production in accordance with Good Animal Husbandry Practices and Good Manufacturing Practices;

(c) conserve, carry out patent registration of, and distribute genetic resources and pure breeds, and conduct training and research;

(d) carry out genetic upgrading activities to produce and distribute locally adaptable and highly productive purebred animals, and conduct training and research;

(e) issue permits for livestock production, inspect and oversee livestock production for systematic development;

(f) supervise import and export of animal genetic material;

(ဆ) တိရစ္ဆာန်မှတ်ပုံတင်ခြင်း၊ မွေးမြူရေးခြံလုပ်ငန်းမှတ်ပုံတင်ခြင်း၊ မျိုးခြံလုပ်ငန်းမှတ်ပုံတင်ခြင်း၊ ဥဖောက်စက်လုပ်ငန်းမှတ်ပုံတင်ခြင်း၊ ပျားမွေးမြူရေးလုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသောဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါး၊ တိရစ္ဆာန်သုံးပစ္စည်းများနှင့် စပ်လျဉ်း၍ ပြည်တွင်း၌ ထုတ်လုပ်သည့်၊ ပြုပြင်ထုတ်လုပ်သည့် သို့မဟုတ် ရောင်းချသည့်လုပ်ငန်းများ မှတ်ပုံတင်ခြင်းအတွက် ဆောင်ရွက်ခြင်း၊

( ဇ ) တိရစ္ဆာန်ကောင်ရေ တိုးပွားရေးနှင့် ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းများ တိုးတက်ရေးတို့အတွက် ဆောင်ရွက်ခြင်း၊

(ဈ ) သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်အတွက် ဦးစီးဌာနနှင့်သက်ဆိုင်သည့် ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း၊ သားသတ်ရုံနှင့် သားသတ်ခြင်းလုပ်ငန်းကို စစ်ဆေး ကြီးကြပ်ခြင်း၊

(ည) သတ်မှတ်ချက်များနှင့်အညီ တိရစ္ဆာန်များ သယ်ဆောင်ရောင်းချခွင့်ရရှိရန် ဆောင်ရွက်ပေးခြင်း၊

( ဋ ) ပျားမွေးမြူရေးဆိုင်ရာ လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာနှင့် မျိုးများ ဖြန့်ဝေခြင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ ပျားစားကျက်များကို ခွဲဝေချထားပေးခြင်း၊ ပုဂ္ဂလိကပျားစားကျက်များ ထူထောင်ရာတွင် ကူညီဆောင်ရွက်ပေးခြင်းနှင့် ပျားမွေးမြူရေးလုပ်ငန်းကို ကြပ်မတ်စစ်ဆေးခြင်း၊

( ဌ ) မွေးမြူရေးမြေနှင့် မွေးမြူရေးခြံအဖြစ် စနစ်တကျ လုပ်ကိုင်နိုင်စေရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(g) carry out the registration process of animal, livestock farm, breeder farm, hatchery, apiculture, domestic production, processing or sale of animals, animal products, genetically modified organisms, animal feed, veterinary medicinal products and animal equipment;

(h) take measures to increase in animal population and develop livestock production;

(i) issue the relevant permits that the Department is authorized to issue for the establishment of a slaughterhouse or slaughtering, and inspect and oversee slaughterhouse and slaughtering;

(j) take measures for the right to transportation and sale of animals in accordance with the stipulations;

(k) disseminate technologies, distribute breeds, conduct research, allocate bee pastures, assist in the establishment of private bee pastures and, inspect and oversee apiculture for the development of apiculture;

(l) coordinate with the relevant government departments, government organizations and other institutions to ensure that livestock farming and livestock production are carried out in farms and on livestock farmland systematically;

(ဃ) စားကျက်မြေနှင့် တိရစ္ဆာန်အစာအတွက် စိုက်ပျိုးသောမြေများကို ထိန်းသိမ်းနိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ခြင်း၊

(ပ) မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ အရင်းအနှီးရရှိရေးအတွက် ကူညီဆောင်ရွက်ခြင်း။

၁၁။ ဦးစီးဌာနသည် အောက်ပါလုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်-

(က) တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ယင်းသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အားပေးကူညီခြင်း၊

(ခ) တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သုတေသနလုပ်ငန်းများအား ခွင့်ပြုခြင်း၊ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) နိုင်ငံတော်အတွင်းရှိ သဘာဝပေါက်ပင်နှင့် စိုက်ပျိုးသီးနှံပင်များကို တိရစ္ဆာန် အစာအဖြစ် သော်လည်းကောင်း၊ တိရစ္ဆာန်သုံးဆေးဝါးအဖြစ် သော်လည်းကောင်း အသုံးပြုနိုင်ရေးအတွက် သုတေသနပြုခြင်း၊ နည်းပညာဖြန့်ဖြူးခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) ပြည်ပသို့ တင်ပို့သည့်၊ ပြည်ပမှ တင်သွင်းသည့်၊ ပြည်တွင်း၌ ထုတ်လုပ်သည့် သို့မဟုတ် ပြုပြင်ထုတ်လုပ်သည့် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇ ပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီ မညီ စစ်ဆေးခြင်း၊

(m) assist in conservation and development of pastureland and cultivated pastureland for animal feed;

(n) assist farmers to get capital investment.

11. The Department shall also:

(a) conduct research on animal health and livestock production, and encourage the development of such research;

(b) permit to conduct research on animal health and development of livestock production and oversee and monitor such research;

(c) conduct research on crops and natural vegetation in the Union to be utilized for animal feed or veterinary medicinal products, and disseminate technology and perform development activities;

(d) inspect whether animals, animal products, genetically modified organisms, animal feed, animal equipment or veterinary medicinal products to be imported or exported or domestically produced or processed are complied with the specifications;

( င ) ထောက်ခံချက်လက်မှတ် သို့မဟုတ် ခွင့်ပြုလက်မှတ်ထုတ်ပေးရန် လျှောက်ထားခြင်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး တိရစ္ဆာန်ဆေးကုအရာရှိချုပ်၏ သဘောထားမှတ်ချက် လိုအပ်သောလုပ်ငန်းများဖြစ်လျှင် ၎င်း၏ သဘောထားမှတ်ချက်ရယူပြီး သက်ဆိုင်ရာ ထောက်ခံချက်လက်မှတ် သို့မဟုတ် ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း၊ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိပါက သက်ဆိုင်ရာ ထောက်ခံချက်လက်မှတ် သို့မဟုတ် ခွင့်ပြုလက်မှတ်ထုတ်ပေးရန် ငြင်းဆိုခြင်း၊

( စ ) တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများ ပြည်ပသို့တင်ပို့ခြင်းနှင့် ပြည်ပမှ တင်သွင်းခြင်းတို့အတွက် သက်ဆိုင်ရာ အစိုးရဌာနသို့ သဘောထားမှတ်ချက် ထုတ်ပေးခြင်း၊

(ဆ) တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်း၊

( ဇ ) မွေးမြူရေးလုပ်ငန်းနှင့် ရောဂါဖြစ်ပွားမှုဆိုင်ရာတို့ကို စာရင်းကောက်ယူခြင်းနှင့် ယင်းစာရင်းများကို ထိန်းသိမ်းထားရှိခြင်း၊

( ဈ ) တိရစ္ဆာန်များကို တမင်ညှဉ်းပန်းနှိပ်စက်ခြင်းမှ ကာကွယ်ရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) တိရစ္ဆာန်အမျိုးအစားအလိုက် သယ်ဆောင်နိုင်သည့် သို့မဟုတ် ဆွဲယူနိုင်သည့် အများဆုံး ဝန်အလေးချိန်ကို သတ်မှတ်ခြင်း၊

( ဋ ) တိရစ္ဆာန်များကို သယ်ဆောင်ခြင်း၊ ချည်နှောင်ခြင်း သို့မဟုတ် ထိန်းသိမ်းထားခြင်းနှင့်စပ်လျဉ်း၍ လိုက်နာသင့်သည့် နည်းလမ်းများအား အများပြည်သူတို့သိရှိနိုင်ရန် ပညာပေးလုပ်ငန်းများကို အခါအားလျော်စွာ ဆောင်ရွက်ခြင်း၊

( ဌ ) တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(e) issue or refuse to issue the relevant recommendation certificate or permit after examining the applications in accordance with the stipulations and obtaining the Chief Veterinary Officer recommendation if necessary;

(f) provide recommendation to the relevant government department for export and import of animals, animal products, genetically modified organisms, animal feed, animal equipment or veterinary medicinal products;

(g) conduct the animal census;

(h) collect and maintain data of livestock production and disease incidence;

(i) raise public awareness of prevention of willful cruelty to animals;

(j) determine the maximum weight of a load that can be carried or towed by each type of animal;

(k) raise public awareness of the proper ways and means for transporting, restraining or keeping animals, from time to time;

(l) cooperate with national and international organizations for the development of animal health and livestock production;

( ဍ ) တိရစ္ဆာန်သုံးဆေးဝါးများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ စစ်ဆေးခြင်း၊

( ဎ ) စစ်ဆေးရေးမှူးများ တာဝန်ပေးခန့်အပ်ခြင်းနှင့် စစ်ဆေးရေးမှူးများက လုပ်ငန်းများကို စစ်ဆေးရာတွင် လုပ်ငန်းကဏ္ဍအလိုက် လိုအပ်သော သတ်မှတ်ချက်များ ထုတ်ပြန်ကြေညာခြင်း၊

(ဏ) ပြည်တွင်း၌ ထုတ်လုပ်သည့်၊ ပြုပြင်ထုတ်လုပ်သည့်၊ ဖြန့်ဖြူးရောင်းချသည့်၊ ပြည်ပသို့ တင်ပို့သည့် သို့မဟုတ် ပြည်ပမှတင်သွင်းသည့် တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါးများနှင့်စပ်လျဉ်း၍ မှတ်ပုံတင်ခြင်းနှင့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(တ) တိရစ္ဆာန်များ၏ကျန်းမာရေးနှင့် တိရစ္ဆာန်များ သက်သောင့်သက်သာစွာ နေထိုင်စားသောက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ပေးခြင်း၊

(ထ) တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီနှင့်ဝန်ကြီးဌာနတို့က အခါအားလျော်စွာ ပေးအပ်သောလုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

## အခန်း( ၆ )

## စစ်ဆေးရေးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၂။ ဦးစီးဌာနသည် မိမိဌာနရှိ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသည့် လက်ထောက်ဦးစီးမှူးအဆင့်အောက် မနိမ့်သောသူကို စစ်ဆေးရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၁၃။ စစ်ဆေးရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သတ်မှတ်ချက်များနှင့်အညီ အောက်ပါတို့ကို စစ်ဆေးခြင်း-

(၁) တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းနှင့် စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းများ၊ လုပ်ငန်းသုံး အဆောက်အအုံနှင့် ပစ္စည်းများ၊

(m) inspect veterinary medicinal products in collaboration with the relevant government departments, government organizations and other institutions;

(n) appoint inspectors and assign duties to them, and provide the necessary instructions to perform their duties in respective sectors;

(o) carry out registration process and prescribe the conditions in relation to animal feed, veterinary medicinal products which are domestically produced, processed, distributed, or exported or imported;

(p) prescribe terms and conditions in respect of the matters of animal health and welfare;

(q) perform the duties assigned by the Central Committee and the Ministry from time to time, in relation to animal health and livestock production development.

## Chapter VI

## Duties and Powers of Inspectors

12. The Department shall appoint qualified persons from the department who are not below the rank of Assistant Superintendent as inspectors, and assign duties to them.

13. The duties and powers of an inspector are as follows:

(a) inspecting the following in accordance with the stipulations:

(i) veterinary services and commercial livestock farming, buildings and facilities used in business activities;

(၂) သားသတ်ရုံနှင့် သားသတ်ခြင်းလုပ်ငန်းများ၊

(၃) ငါးလုပ်ငန်းနှင့်သက်ဆိုင်ခြင်းမရှိသော တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်းများ၊

(၄) တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါးနှင့် တိရစ္ဆာန်သုံးပစ္စည်းများ။

( ခ ) တိရစ္ဆာန်သုံးဆေးဝါးများအား သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းစစ်ဆေးခြင်း၊

( ဂ ) ပုဒ်မခွဲ (က) သို့မဟုတ် (ခ)အရ စစ်ဆေးရာတွင် ကူးစက်ရောဂါ တစ်ခုခုဖြစ်ပွားကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ သတ်မှတ်ချက်နှင့် ညီညွတ်ခြင်း မရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ အများပြည်သူစားသုံးရန် သင့်လျော်မှု မရှိကြောင်း သံသယရှိလျှင်ဖြစ်စေ သက်ဆိုင်ရာလုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း၊ သွားလာရွှေ့ပြောင်းမှုကို ယာယီရပ်ဆိုင်းခြင်းနှင့် ကန့်သတ်နိုင်ခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) ရောဂါဖြစ်နေသော သို့မဟုတ် ရောဂါနှင့်ထိတွေ့ခဲ့သော တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၊ အရည်အသွေး မပြည့်မီသော သို့မဟုတ် အဆိပ်အတောက်ပါဝင်နေသော တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါးများနှင့်စပ်လျဉ်း၍ ခေတ်ခွဲခန်းစစ်ဆေးချက်အဖြေ မရရှိမီ သတ်မှတ်ထားသော နေရာ၌ ယာယီထိန်းသိမ်းခြင်းနှင့် သိမ်းဆည်းခြင်း၊

( င ) ပုဒ်မခွဲ(ဃ)ပါ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဆက်လက်ထိန်းသိမ်းရန် သို့မဟုတ် သိမ်းဆည်းရန် သင့်လျော်ခြင်း မရှိပါက ဦးစီးဌာနသို့ တင်ပြခြင်းနှင့် ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ii) slaughterhouse and slaughtering;

(iii) animals and animal products, genetically modified organisms which are not related to fishery;

(iv) animal feed, veterinary medicinal products and animal equipment;

(b) inspecting veterinary medicinal products in collaboration with the relevant government department, government organization and other institutions;

(c) imposing temporary suspension on the relevant business activity and imposing temporary suspension and restriction on movement in accordance with the stipulations if any infectious animal disease is found or if it is not in line with the stipulations or if it is suspicious that animals and goods are not suitable for public consumption when inspecting under subsection (a) or (b);

(d) temporarily detaining and keeping infected animals and animal products or animals and animal products which had contact with infected animals, low quality standard or poisonous animal feed and veterinary medicinal products in a designated area before obtaining the result of laboratory analysis and tests examination;

(e) reporting to the Department and following the instructions of the Department in relation to animals and animal products in subsection (d), if it is inappropriate to continued detention or keeping of such animals or animal products;

( စ ) မိမိ၏ ဆောင်ရွက်ချက်များကို ဦးစီးဌာနသို့ အစီရင်ခံတင်ပြခြင်း၊

(ဆ) ဦးစီးဌာနက အခါအားလျော်စွာ ပေးအပ်သောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း( ၇ )

## မွေးမြူရေးမြေနှင့် တိရစ္ဆာန်အစာအတွက်စိုက်ပျိုးသောမြေများ

၁၄။ ဗဟိုကော်မတီသည် အောက်ပါခွင့်ပြုချက်ရရှိပြီးသောမြေများကို မွေးမြူရေးမြေ သို့မဟုတ် တိရစ္ဆာန်အစာအတွက် စိုက်ပျိုးသောမြေအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ပြီး စီမံခန့်ခွဲနိုင်သည်-

(က) ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေ ဥပဒေနှင့်အညီ လယ်ယာမြေကို မွေးမြူရေးလုပ်ငန်းအတွက် လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများအတွက်လည်းကောင်း အခြားနည်းဖြင့် အသုံးပြုခွင့်ပေးသည့်မြေ သို့မဟုတ် ပေးပြီးသည့်မြေ၊

( ခ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်အညီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို မွေးမြူရေးလုပ်ငန်းအတွက်လည်းကောင်း၊ မွေးမြူရေး လုပ်ငန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများအတွက်လည်းကောင်း အသုံးပြုခွင့် ပေးသည့်မြေ သို့မဟုတ် ပေးပြီးသည့် မြေ၊

( ဂ ) မွေးမြူရေးလုပ်ငန်းအတွက်လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ် သည့်လုပ်ငန်းများအတွက်လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက သစ်တောဥပဒေနှင့်အညီ အသုံးပြုခွင့်ပေး သည့်မြေ သို့မဟုတ် ပေးပြီးသည့်မြေ၊

(f) reporting his or her performance to the Department;

(g) performing the duties assigned by the Department from time to time.

## Chapter VII

## Livestock Farmland and Cultivated Pastureland for Animal Feed

14. The Central Committee may, by issuing a notification, designate and administer the following land as livestock farmland or cultivated pastureland for animal feed:

(a) farmland which is permitted or has been permitted by the Central Farmland Administrative Body for Farmland, or Region or State or Union Territory Administrative Body for Farmland to use by other means for livestock production or related activities, in accordance with the Farmland Law;

(b) the vacant, fallow and virgin land which is permitted or has been permitted by the Central Committee for Management of Vacant, Fallow and Virgin Lands to use for livestock production or related activities, in accordance with the Administration of Vacant, Fallow and Virgin Lands Law;

(c) land which is permitted or has been permitted by the Ministry of Natural Resources and Environmental Conservation to use for livestock production or related activities, in accordance with the Forest Law;

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနက လွှဲပြောင်းပေးသော စားကျက်မြေ။

၁၅။ ဇဟိုကော်မတီသည် ပုဒ်မ ၁၄ အရ မွေးမြူရေးမြေ သို့မဟုတ် တိရစ္ဆာန်အစာအတွက် စိုက်ပျိုးသောမြေအဖြစ် သတ်မှတ်သောမြေများကို လိုအပ်သလို စီမံဆောင်ရွက်နိုင်ရန် ဦးစီးဌာနအား တာဝန်ပေးအပ်နိုင်သည်။

## အခန်း ( ၈ )
## တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ

၁၆။ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၁၇။ (က) ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးသည်-

(၁) ပုဒ်မ ၁၆ အရ လျှောက်ထားချက်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း အမျိုးအစားဖြစ်လျှင် သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ခွင့်ပြုလက်မှတ်ထုတ်ပေးရမည်။ ခွင့်ပြုလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(d) pastureland transferred by the Ministry of the Union Government Office.

15. The Central Committee may assign duty to the Department to administer the land designated as livestock farmland or cultivated pastureland for animal feed under section 14.

## Chapter VIII

## Veterinary Services

16. A person or an organization that wants to provide any veterinary service shall apply for a permit to the respective Township Veterinary Officer in accordance with the stipulations.

17. (a) The Township Veterinary Officer:

(i) may issue the permit or refuse to issue the permit after scrutinizing the application in accordance with the stipulations upon receipt of the application under section 16;

(ii) shall issue the permit to the applicant by causing to pay the prescribed fees if the application meets the stipulated requirements, and if it is for the type of veterinary service for which the said Officer is authorized to issue the permit. The applicant shall be informed that he may reapply for a permit in accordance with the stipulations, if the application is rejected;

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း အမျိုးအစားဖြစ်လျှင် ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက် တင်ပြရမည်။

( ခ ) ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးသည်-

(၁) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းအမျိုးအစားဖြစ်လျှင် သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ခွင့်ပြုလက်မှတ် ထုတ်ပေးရမည်။ ခွင့်ပြုလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း အမျိုးအစားဖြစ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

( ဂ ) ဦးစီးဌာန၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စု နယ်မြေ ဦးစီးဌာနမှူးသည်-

(၁) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(iii) shall submit the application to the District Veterinary Officer if it is the type of veterinary service for which he or she is unauthorized to issue the permit.

(b) The District Veterinary Officer :

(i) may issue the permit or refuse to issue the permit after scrutinizing the application in accordance with the stipulations upon the receipt of the application under clause (iii) of subsection (a);

(ii) shall issue the permit to the applicant by causing to pay the prescribed fees if the application meets the stipulated requirements, and if it is for the type of veterinary service for which the said Officer is authorized to issue the permit. The applicant shall be informed that he or she may reapply for a permit in accordance with the stipulations, if the application is rejected;

(iii) shall submit the application to the Region, State or Union Territory Veterinary Officer if it is the type of veterinary service for which he or she is unauthorized to issue the permit.

(c) The Region, State or Union Territory Veterinary Officer:

(i) may issue the permit or refuse to issue the permit after scrutinizing the application in accordance with the stipulations upon the receipt of the application under clause (iii) of subsection (b);

(၂) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းအမျိုးအစားဖြစ်လျှင် သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ခွင့်ပြုလက်မှတ် ထုတ်ပေးရမည်။ ခွင့်ပြုလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း အမျိုးအစားဖြစ်ပါက ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက်တင်ပြရမည်။

(ဃ) ညွှန်ကြားရေးမှူးချုပ်သည်-

(၁) ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ်(၃)အရ လျှောက်ထားချက်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ခွင့်ပြုလက်မှတ်ထုတ်ပေးရမည်။ ခွင့်ပြုလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

၁၈။ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိသူသည်-

(က) ခွင့်ပြုလက်မှတ်ပါစည်းကမ်းချက်များကို လိုက်နာရမည်။

(ii) shall issue the permit to the applicant by causing to pay the prescribed fees if the application meets the stipulated requirements, and if it is for the type of veterinary service for which the said Officer is authorized to issue the permit. The applicant shall be informed that he or she may reapply for a permit in accordance with the stipulations, if the application is rejected;

(iii) shall submit the application to the Director General, if it is the type of veterinary service for which he or she is unauthorized to issue the permit.

(d) The Director General:

(i) may issue the permit or refuse to issue the permit after scrutinizing the application in accordance with the stipulations upon the receipt of the application under clause (iii) subsection (c);

(ii) shall issue the permit to the applicant by causing to pay the prescribed fees if the application meets the stipulated requirements. The applicant shall be informed that he or she may reapply for a permit in accordance with the stipulations, if the application is rejected.

18. The permit holder for providing veterinary service shall:

(a) comply with the terms and conditions of the permit;

( ခ ) ဦးစီးဌာန၏စစ်ဆေးမှုကို ခံယူရမည်။

( ဂ ) မိမိလုပ်ငန်းတွင် ကူးစက်ရောဂါဖြစ်ပွားကြောင်း သံသယဖြစ်ဖွယ် တွေ့ရှိရပါက ဦးစီးဌာနသို့ အမြန်ဆုံးအသိပေး အကြောင်းကြားရမည်။

(ဃ) ပုဒ်မခွဲ (ဂ)အရ အသိပေးအကြောင်းကြားပြီးနောက် ဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

## အခန်း ( ၉ )
## မွေးမြူရေးလုပ်ငန်းများ

၁၉။ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူမှအပ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၂၀။ ပုဒ်မ ၁၉ ပါ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဂ)ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ)ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း ဆောင်ရွက်ရမည်။

၂၁။ မွေးမြူသူသည်-

( က ) ခွင့်ပြုလက်မှတ်ရရှိသူဖြစ်ပါက ခွင့်ပြုလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

( ခ ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(b) accept the inspection of the Department;

(c) inform promptly the Department of the occurrence of suspicious infectious animal disease in the worksite, if it is found;

(d) strictly comply with the instructions of the Department after informing under subsection (c).

## Chapter IX

## Livestock Production

19. Any person or organization that wants to operate commercial livestock farming, except for small scale livestock farming shall apply for a permit to the respective Township Veterinary Officer in accordance with the stipulations.

20. In respect of the application in section 19, the Township Veterinary Officer, or the District Veterinary Officer, or the Region Veterinary Officer or State Veterinary Officer or Union Territory Veterinary Officer, or the Director General shall act in accordance with subsection (a) of section 17, or subsection (b) of section 17, or subsection (c) of section 17, or subsection (d) of section 17 respectively.

21. A Farmer shall:

(a) comply with the terms and conditions of the permit, if he or she is a permit holder;

(b) accept the inspection of the Department;

( ဂ ) မိမိမွေးမြူထားသည့် တိရစ္ဆာန်တွင် ကူးစက်ရောဂါကျရောက်သည့်အခါ ဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံသို့ အမြန်ဆုံး အသိပေးအကြောင်းကြားရမည်။

(ဃ) ပုဒ်မခွဲ(ဂ)အရ အကြောင်းကြားပြီးနောက် ဦးစီးဌာန၏ အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

( င ) မွေးမြူရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်၊ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်တို့နှင့်အညီ မွေးမြူထုတ်လုပ်ရမည်။

( စ ) တိရစ္ဆာန် သို့မဟုတ် တိရစ္ဆာန်ထွက်ပစ္စည်းများကို လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းတို့ကို ဦးစီးဌာနက သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဆ) မွေးမြူထားသည့်တိရစ္ဆာန်များကို အသားထုတ်လုပ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

( ဇ ) မွေးမြူရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

၂၂။ ဦးစီးဌာနသည် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက မွေးမြူထားသော တိရစ္ဆာန်များကူးစက်ရောဂါဖြစ်ပွား၍ ဖျက်ဆီးခံရခြင်းကြောင့် ပေါ်ပေါက်လာသည့် ဆုံးရှုံးမှုများအတွက် နစ်နာကြေး၊ လျော်ကြေး သို့မဟုတ် အကူအညီ ရရှိရန် သက်ဆိုင်ရာသို့ လျှောက်ထားရာတွင် သဘောထားမှတ်ချက်ပေးနိုင်သည်။

(c) inform promptly to the Department and the Administrator of the relevant Township, Ward or Village Tract, of the occurrence of infectious animal disease in his or her livestock, if it occurs.

(d) strictly comply with the instructions of the Department after informing under subsection (c);

(e) breed livestock in accordance with Good Animal Husbandry Practice and good manufacturing practice;

(f) keep, transport or distribute animals and animal products in accordance with the ways and means prescribed by the Department;

(g) carry out slaughtering process in accordance with the stipulations prescribed by the Department;

(h) follow this Law and rules, orders, directives and procedures issued under this Law in relation to livestock production.

22. The Department may make recommendations when a person or an organization operating livestock farming claims damages or compensation or assistance for the loss caused by extermination of livestock due to occurrence of infectious animal disease.

## အခန်း ( ၁၀ )

## ပြည်တွင်း၌ ထုတ်လုပ်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း

၂၃။ ငါးလုပ်ငန်းနှင့် သက်ဆိုင်ခြင်းမရှိသော တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်းတို့ကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းကိုဖြစ်စေ၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းကို ဖြစ်စေ၊ သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်း လုပ်ငန်းကိုဖြစ်စေ စီးပွားဖြစ်လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၂၄။ ပုဒ်မ ၂၃ ပါ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်နှင့်အညီသော် လည်းကောင်း၊ ဦးစီးဌာန၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဂ)ပါ ပြဋ္ဌာန်းချက်နှင့် အညီသော်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဃ)ပါ ပြဋ္ဌာန်းချက်နှင့် အညီသော်လည်းကောင်း ဆောင်ရွက်ရမည်။

၂၅။ ပုဒ်မ ၂၄ အရ ခွင့်ပြုလက်မှတ်ရရှိသူသည်-

(က) ခွင့်ပြုလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

( ခ ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

## Chapter X

## Domestic Production or Distribution

23. The person or organization that wants to produce, process, transport or distribute animals, animal products, genetically modified organisms domestically, or produce, process or distribute animal feed, animal equipment or veterinary medicinal products domestically, or establish slaughterhouses or engage in slaughtering on commercial purpose which are not related to fishery shall apply for a permit to the Township Veterinary Officer in accordance with the stipulations.

24. In respect of the application in section 23, the Township Veterinary Officer, or the District Veterinary Officer, or the Region Veterinary Officer or State Veterinary Officer or Union Territory Veterinary Officer, or the Director General shall act in accordance with subsection (a) of section 17 or subsection (b) of section 17 or subsection (c) of section 17 or subsection (d) of section 17 respectively.

25. The permit holder under section 24 shall:

(a) comply with the terms and conditions of the permit;

(b) accept the inspection of the Department;

(ဂ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

## အခန်း(၁၁)

## ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်း

၂၆။ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများကို ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်း ပြုလုပ်လိုသူသည် တင်ပို့ခွင့်၊ တင်သွင်းခွင့် လိုင်စင် သို့မဟုတ် ပါမစ်ကို သက်ဆိုင်ရာ အစိုးရဌာနသို့ လျှောက်ထားခြင်းမပြုမီ ထောက်ခံချက်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။

၂၇။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၂၆ပါ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ညီညွတ်ပါက သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ထောက်ခံချက်လက်မှတ်ကို ထုတ်ပေးရမည်။

၂၈။ ပုဒ်မ ၂၇ အရ ထောက်ခံချက်လက်မှတ်ရရှိသူသည်-

(က) ထောက်ခံချက်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက် နှင့်လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(c) comply with this Law and rules, orders, directives and procedures issued under this Law.

## Chapter XI

## Export or Import

26. The person who wants to export or import animals, animal products, genetically modified organisms, animal feed, animal equipment or veterinary medicinal products shall apply for the recommendation certificate to the Director General in accordance with stipulations before applying for an export or import license or a permit to the relevant government department.

27. After scrutinizing the application made under section 26, the Director General shall issue the recommendation certificate to the applicant by causing to pay the prescribed fees if it meets the stipulated requirements.

28. The recipient of the recommendation certificate under section 27 shall:

(a) comply with the terms and conditions of the recommendation certificate;

(b) accept the inspection of the Department;

(c) comply with this Law and rules, orders, directives and procedures issued under this Law.

၂၉။ ဦးစီးဌာနသည် ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်းပြုမည့် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများကို စစ်ဆေးနိုင်ရန် လိုအပ်သည့် နေရာဒေသများတွင် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စစ်ဆေးရေးစခန်းနှင့် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်နိုင်သည်။

၃၀။ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများကို ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်းပြုမည့်သူသည် မိမိတင်ပို့မည့် သို့မဟုတ် တင်သွင်းမည့် ပစ္စည်းကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းစစ်ဆေးပေးရန် ဦးစီးဌာနသို့ သတင်းပို့ လျှောက်ထားရမည်။

၃၁။ ဦးစီးဌာနသည် ပုဒ်မ ၃၀ အရ သတင်းပို့လျှောက်ထားချက်ကို ရရှိသည့်အခါ သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းစစ်ဆေး၍ တွေ့ရှိချက်ကို ထုတ်ပြန်ပေးရမည်။

## အခန်း (၁၂)
## ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်း

၃၂။ ဝန်ကြီးဌာနသည် တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့်ကူးစက်ရောဂါများကို အခါအားလျော်စွာ သတ်မှတ်ကြေညာရမည်။

၃၃။ ဦးစီးဌာနသည်–

(က) တိရစ္ဆာန်များတွင် ကူးစက်ရောဂါ မဖြစ်ပွားစေရေးအတွက် လိုအပ်သော ကြိုတင်ကာကွယ်မှု အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

( ခ ) ကူးစက်ရောဂါ မဖြစ်ပွားစေရေးနှင့် ဖြစ်ပွားလာပါက ထိန်းချုပ်နိုင်ရေးတို့ အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်ရမည်။

29. The Department may, with the approval of the Ministry, establish checkpoints and animal quarantine stations in the areas where it is necessary, to inspect animals, animal products, genetically modified organisms, animal feed, animal equipment or veterinary medicinal products to be exported or imported.

30. The person who exports or imports animals, animal products, genetically modified organisms, animal feed, animal equipment or veterinary medicinal products shall report to the Department to inspect animals and goods to be exported or imported, in collaboration with the relevant departments.

31. The Department shall inspect animals and goods in collaboration with the relevant departments upon the receipt of the report under section 30 and issue the statement of findings.

## Chapter XII

## Prevention and Control of Infectious animal Diseases

32. The Ministry shall specify and declare infectious animal diseases in animals from time to time.

33. The Department shall:

(a) take necessary precautionary measures to prevent the spread of infectious animal diseases in animals;

(b) collaborate with the relevant government departments, government organizations and other institutions not to occur any infectious animal disease, and to control it if occurred;

(ဂ) ဒေသတစ်ခုခုတွင် ကူးစက်ရောဂါဖြစ်ပွားခြင်းနှင့် ကူးစက်ရောဂါကင်းရှင်းခြင်းကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဆောလျင်စွာ ကြေညာရမည်။

(ဃ) တိရစ္ဆာန်ကျန်းမာရေးနှင့် ဆက်နွယ်သော ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနအစီအစဉ်ဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ညှိနှိုင်း၍ဖြစ်စေ ဆောင်ရွက်ရမည်။

(င) ပျားမွေးမြူခြင်းနှင့်စပ်လျဉ်း၍ ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်းတို့ကို စီမံဆောင်ရွက်ရမည်။

၃၄။ မွေးမြူသူသည် မိမိတိရစ္ဆာန်တွင် ကူးစက်ရောဂါဖြစ်ပွားကြောင်း သံသယဖြစ်ဖွယ်သိရှိရလျှင်ဖြစ်စေ၊ တိရစ္ဆာန်သည် ကူးစက်ရောဂါလက္ခဏာဖြင့် သေဆုံးကြောင်း သံသယဖြစ်ဖွယ် တွေ့ရှိရလျှင်ဖြစ်စေ ဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ အမြန်ဆုံး သတင်းပေးပို့ရမည်။

၃၅။ တိရစ္ဆာန်ဆေးကုဆရာဝန်သည် မိမိကုသသည့်တိရစ္ဆာန်တွင် ကူးစက်ရောဂါဖြစ်ပွားနေကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရလျှင် နီးစပ်ရာဦးစီးဌာနသို့ အမြန်ဆုံး အသိပေးအကြောင်းကြားရမည်။

## အခန်း (၁၃)

## တိရစ္ဆာန်အား ညှဉ်းပန်းနှိပ်စက်ခြင်းမှ ကာကွယ်ခြင်း

၃၆။ တိရစ္ဆာန်များအား ညှဉ်းပန်းနှိပ်စက်ခြင်းမှ ကာကွယ်ရန်နှင့်စပ်လျဉ်း၍-

(က) တိရစ္ဆာန်အား သတ်မှတ်ထားသောအလေးချိန်ထက်ပို၍ တင်ဆောင်စေခြင်းနှင့် ဆွဲယူစေခြင်း မပြုရ။

(ခ) တိရစ္ဆာန်အား တမင်ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် အလွန်အကျွံခိုင်းစေခြင်း မပြုရ။

(c) promptly declare the occurrence of infectious animal disease in any area, and declare that the area is free from infectious animal disease in accordance with the specified means;

(d) deal with the veterinary public health related issues under the arrangement of the Ministry or Department or in coordination with the relevant government department or organization;

(e) prevent and control infectious animal diseases in regard to apiculture.

34. The farmer shall promptly report to the Township Veterinary Office and relevant Administrator of Township, Ward or Village Tract, if he or she suspects that his or her livestock are infected with, or die due to any infectious animal disease.

35. The veterinarian shall immediately report to the nearest Veterinary Office, if any animal under his or her treatment is suspected of having an infectious animal disease.

## Chapter XIII

## Prevention of Cruelty to Animals

36. In respect of prevention of cruelty to animals:

(a) animal shall not be loaded up and forced to tow in excess of the specified weight of load;

(b) animals shall not be treated with willful cruelty or shall not be forced to work excessively hard;

( ဂ ) တိရစ္ဆာန်အား ကိုယ်အင်္ဂါ အစိတ်အပိုင်းတစ်ခုခုကို မလိုအပ်ဘဲ ချို့တဲ့စေခြင်း မပြုရ။

(ဃ) မိမိမွေးမြူထားသော တိရစ္ဆာန်အား အစာရေစာ တမင်မကျွေးခြင်း မပြုရ။

( င ) မိမိမွေးမြူထားသော တိရစ္ဆာန်အား ရောဂါ သို့မဟုတ် ဒဏ်ရာ ရရှိသည့်အခါ ကုသစောင့်ရှောက်မှု မပေးဘဲ တမင်ထားရှိခြင်း မပြုရ။

( စ ) ကူးစက်ရောဂါ သို့မဟုတ် ဒဏ်ရာရရှိနေသည့် တိရစ္ဆာန်ကို အများပြည်သူ သွားလာခွင့်ရှိသည့် နေရာသို့ လွှတ်ထားခြင်း မပြုရ။

(ဆ) မိမိဆောင်ရွက်နိုင်သော နေရာအကျယ်အဝန်း၊ အဆောက်အအုံအလိုက် ဘေးကင်းလုံခြုံမှု မရှိသော နေရာတွင် တမင်ထားရှိခြင်း မပြုရ။

( ဇ ) တိရစ္ဆာန်များကူးစက်ရောဂါ ကြိုတင်ကာကွယ်မှု အစီအမံများ မရှိဘဲ မွေးမြူခြင်း မပြုရ။

( ဈ ) တိရစ္ဆာန်များကို သယ်ယူပို့ဆောင်ရာတွင် ကျပ်တည်းစွာနှင့် မလျော်ကန်စွာ သယ်ယူပို့ဆောင်ခြင်း မပြုရ။

## အခန်း(၁၄)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၃၇။ သက်ဆိုင်ရာ ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ်ရရှိသူ၊ မွေးမြူသူနှင့် တိရစ္ဆာန်ကျန်းမာရေးလုပ်သားတို့သည် သတ်မှတ်ထားသော စည်းကမ်းချက်များကိုဖြစ်စေ၊ ပုဒ်မ ၃၀ ပါ ပြဋ္ဌာန်းချက်ကိုဖြစ်စေ၊ ပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်လျှင် ထိုသူအား ဦးစီးဌာန၏ သက်ဆိုင်ရာဦးစီးဌာနမှူးက အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) စာဖြင့် သတိပေးခြင်း၊

(c) animals shall not be deprived of its any part of organ unnecessarily;

(d) famers shall not willfully deprive his animals of food and drink;

(e) livestock shall not be willfully left untreated when it is got disease or injured;

(f) the infected or injured animals shall not be released into a public place;

(g) farmers shall not willfully keep his animals at an unsafe place where there is not enough space and safe animal shed ;

(h) animals shall not be bred without precautionary measures for infectious animal disease;

(i) animals shall not be transported crowdedly and uncomfortably.

## Chapter XIV

## Taking Administrative Action and Appeal

37. The relevant Veterinary Officer may pass one or more than one of the following administrative orders against the person holding the relevant permit or recommendation certificate, or farmer or community animal health worker who fails to comply with the prescribed terms and conditions, or violates provision of section 30, or any provision of section 36 or this Law and rules, orders, directives and procedures issued under this Law:

(a) issuing a written warning;

( ခ ) သတ်မှတ်ထားသောဒဏ်ကြေးငွေကို ပေးဆောင်စေခြင်း၊

( ဂ ) သက်ဆိုင်ရာ ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ် သို့မဟုတ် တိရစ္ဆာန်ကျန်းမာရေးလုပ်သား အသိအမှတ်ပြုလက်မှတ်ကို ကာလ အကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) သက်ဆိုင်ရာ ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ် သို့မဟုတ် တိရစ္ဆာန်ကျန်းမာရေးလုပ်သား အသိအမှတ်ပြုလက်မှတ်ကို ပယ်ဖျက်ခြင်း။

၃၈။ ပုဒ်မ ၃၇ အရ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးတစ်ဦးဦးက ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံနိုင်သည်။

၃၉။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၃၈ အရ အယူခံမှုနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စု နယ်မြေ ဦးစီးဌာနမှူး တစ်ဦးဦးက ချမှတ်သည့်ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၄၀။ ပုဒ်မ ၃၉ အရ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့်ဆုံးဖြတ်ချက်ကို မကျေနပ် သူသည် ယင်းဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံ နိုင်သည်။

၄၁။ ဝန်ကြီးသည် ပုဒ်မ ၄၀ အရ အယူခံခွင့်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

(b) causing to pay the prescribed fine;

(c) suspending the relevant permit or recommendation certificate or recognition certificate of community animal health worker for a limited period;

(d) cancelling the relevant permit or recommendation certificate or recognition certificate of community animal health worker.

38. A person who is dissatisfied with the decision passed by any of the Township Veterinary Officer, or District Veterinary Officer, or Region or State or Union Territory Veterinary Officer, under section 37 may appeal to the Director General within 60 days from the date of such decision.

39. The Director General may affirm, reverse or set aside the decision or order passed by any of the Township Veterinary Officer, or District Veterinary Officer, or Region or State or Union Territory Veterinary Officer in relation to the appeal under section 38.

40. A person who is dissatisfied with the decision passed by the Director General under section 39 may appeal to the Minister within 60 days from the date of such decision.

41. The Minister may affirm, reverse or set aside the decision or order in relation to the appeal under section 40. The decision of the Minister shall be final.

## အခန်း(၁၅)

## တားမြစ်ချက်နှင့်ပြစ်ဒဏ်များ

၄၂။ မည်သူမျှ ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ်မရှိဘဲ-

( က )စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

( ခ ) တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

( ဂ ) သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

(ဃ) ငါးလုပ်ငန်းနှင့် သက်ဆိုင်ခြင်းမရှိသော တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်းများကိုဖြစ်စေ၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများကိုဖြစ်စေ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း သို့မဟုတ် ဖြန့်ဖြူး ရောင်းချခြင်း မပြုရ။

( င ) တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများ နှင့်စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း မပြုရ။

( စ ) ငါးလုပ်ငန်းနှင့် သက်ဆိုင်ခြင်းမရှိသော တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်းများကို ပြည်တွင်း၌ သယ်ဆောင်ခြင်း မပြုရ။

## Chapter XV

## Prohibitions and Penalties

42. Any person without a permit or recommendation certificate shall not:

(a) operate commercial livestock farming;

(b) provide any veterinary services;

(c) establish slaughterhouse or engage in slaughtering;

(d) domestically produce, process, or distribute animals, animal products, or genetically modified organisms, or animal feed, animal equipment or veterinary medicinal products which are not related to fishery;

(e) export or import animals, animal products, genetically modified organisms, animal feed, livestock equipment or veterinary medicinal products;

(f) domestically transport animals, animal products or genetically modified organisms which are not related to fishery.

၄၃။ ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ်ရှိသူ မည်သူမျှ-

(က) တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများကို သတ်မှတ်အရည်အသွေးနှင့်ကိုက်ညီမှု မရှိဘဲ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

( ခ ) ပျားမွေးမြူခြင်းနှင့်စပ်လျဉ်း၍ ကူးစက်ရောဂါ ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်း၊ ကုသခြင်း၊ ဆေးဝါးသုံးစွဲခြင်း၊ ရွှေ့ပြောင်းမွေးမြူခြင်း၊ ပျားစားကျက်ချထားခြင်းတို့အတွက် ဦးစီးဌာနက ထုတ်ပြန်ထားသော ပျားမွေးမြူရေးဆိုင်ရာ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန် ထပ်မံပျက်ကွက်ခြင်း မရှိစေရ။

၄၄။ သားသတ်ရုံ တည်ထောင်ခြင်းလုပ်ငန်း၊ သားသတ်ခြင်းလုပ်ငန်း၊ မျိုးခြံလုပ်ငန်း သို့မဟုတ် ဥဖောက်စက်လုပ်ငန်း လုပ်ကိုင်သူ မည်သူမျှ ဦးစီးဌာန၏ စစ်ဆေးမှုခံယူရန် ငြင်းဆန်ခြင်း မရှိစေရ။

၄၅။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် တိရစ္ဆာန်ကျန်းမာရေးလုပ်သားအဖြစ် လုပ်ကိုင်သူ မည်သူမျှ-

(က) ကူးစက်ရောဂါကာကွယ်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနက ထုတ်ပြန်သည့် အမိန့်နှင့် ညွှန်ကြားချက်ကို လိုက်နာရန် ထပ်မံပျက်ကွက်ခြင်း မရှိစေရ၊

43. Any person who is the holder of a permit or recommendation certificate shall not:

(a) export, import, domestically produce, process or distribute animals, animal products, genetically modified organisms or animal feed, animal equipment or veterinary medicinal products that do not meet the specified quality standards;

(b) fail again to comply with the orders and directives issued by the Department for prevention, control and treatment of infectious animal diseases, use of medicines, relocation of bees and allocation of bees pastures in relation to apiculture.

44. Any person who establishes slaughterhouse, breeder farm or hatchery or who engages in slaughtering shall not refuse to accept the inspection of the Department.

45. Any farmer or veterinary service provider or community animal health worker shall not:

(a) fail again to comply with the orders and directives issued by the Department in relation to prevention or control of infectious animal disease;

( ခ ) ကူးစက်ရောဂါဖြစ်ပွားနေကြောင်း သံသယဖြစ်ဖွယ်သိရှိပါက ဦးစီးဌာန၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံ အမြန်ဆုံး သတင်းပေးပို့ရန် ပျက်ကွက်ခြင်း မရှိစေရ၊

( ဂ ) သေဆုံးသော တိရစ္ဆာန်တွင် ကူးစက်ရောဂါလက္ခဏာ တွေ့ရှိပါက ဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ အမြန်ဆုံး သတင်းပေးပို့ရန် ပျက်ကွက်ခြင်း မရှိစေရ။

၄၆။ (က) မည်သူမျှ အသိအမှတ်ပြုလက်မှတ် မရှိဘဲ တိရစ္ဆာန်ကျန်းမာရေးလုပ်သား အဖြစ် ဆောင်ရွက်ခြင်းမပြုရ။

( ခ ) တိရစ္ဆာန်ကျန်းမာရေးလုပ်သား မည်သူမျှ ပုဒ်မ ၃၇ ပါ စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခံရပြီးနောက် ဦးစီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်များကိုဖြစ်စေ၊ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖြစ်စေ လိုက်နာရန် ထပ်မံပျက်ကွက်ခြင်း မရှိစေရ။

၄၇။ မည်သူမဆို–

(က) ပုဒ်မ ၄၂၊ ပုဒ်မခွဲ(က) ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံးကျပ် သိန်း ၂၀ အထိ ငွေဒဏ် ချမှတ်ရမည်။

(b) fail to report promptly to the Department, relevant government department and organization, if he suspects that infectious animal disease is occurred;

(c) fail to report to the Veterinary Office and relevant Administrator of Township, Ward or Village Tract, if the signs of infectious animal disease are found in the dead animal.

46. (a) No one shall act as a community animal health worker without a recognition certificate.

(b) No community animal health worker against whom administrative action was taken under section 37, shall fail again to comply with the terms and conditions prescribed by the Department or this Law and the rules, orders, directives and procedures issued under this Law.

47. Whoever:

(a) violates the prohibition of subsection (a) of section 42 shall, on conviction, be punished with a fine from a minimum of one million kyats to a maximum of two million kyats.

( ခ ) ပုဒ်မ ၄၂၊ ပုဒ်မခွဲ(ခ) ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံးကျပ် ငါးသိန်းမှ အများဆုံးကျပ် ၂၅ သိန်းအထိ ငွေဒဏ် ချမှတ်ရမည်။ ယင်းတားမြစ်ချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို နှစ်လထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံးကျပ်သိန်း ၅၀ အထိ ငွေဒဏ် ချမှတ်ရမည်။

( ဂ ) ပုဒ်မ ၄၂၊ ပုဒ်မခွဲ(ဂ)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံးကျပ်သိန်း ၃၀ အထိ ငွေဒဏ် ချမှတ်ရမည်။ ယင်းတားမြစ်ချက်ကို ထပ်မံဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့် အပြင် အနည်းဆုံးကျပ်သိန်း ၃၀ မှ အများဆုံးကျပ်သိန်း ၅၀ အထိ ငွေဒဏ် ချမှတ်ရမည်။

(ဃ) ပုဒ်မ ၄၂၊ ပုဒ်မခွဲ(ဃ)၊ (င) သို့မဟုတ် (စ)ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံးကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းတားမြစ်ချက်ကို ထပ်မံ ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ချမှတ် ရမည့်အပြင် အနည်းဆုံးကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း၁၅၀ အထိ ငွေဒဏ် ချမှတ်ရမည်။

(b) violates the prohibition of subsection (b) of section 42 shall, on conviction, be punished with a fine from a minimum five hundred thousand kyats to a maximum of two million and five hundred thousand kyats. If that person violates such prohibition again, he or she shall, on conviction, be punished with imprisonment for a term not exceeding two months and shall also be liable to a fine from a minimum of one million kyats to a maximum of five million kyats;

(c) violates the prohibition of subsection (c) of section 42 shall, on conviction, be punished with a fine from a minimum of two million kyats to a maximum of three million kyats. If that person violates such prohibition again, he or she shall, on conviction, be punished with imprisonment for a term not exceeding six months and shall also be liable to a fine from a minimum of three million kyats to a maximum of five million kyats.

(d) violates the prohibition of subsection (d), (e) or (f) of section 42 shall, on conviction, be punished with a fine from a minimum of three million kyats to a maximum of ten million kyats. If that person violates such prohibition again, he or she shall, on conviction, be punished with imprisonment for a term not exceeding one year and shall also be liable to a fine from a minimum of five million kyats to a maximum of 15 million kyats.

၄၈။ ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ်ရှိသူ မည်သူမဆို -

( က )ပုဒ်မ ၄၃၊ ပုဒ်မခွဲ(က)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံးကျပ် ၇၅ သိန်း အထိ ငွေဒဏ် ချမှတ်ရမည်။ ယင်းတားမြစ်ချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ်သိန်း ၃၀ မှ အများဆုံးကျပ်သိန်း ၁၀၀ အထိ ငွေဒဏ် ချမှတ်ရမည်။

( ခ ) ပုဒ်မ ၄၃၊ ပုဒ်မခွဲ(ခ)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံးကျပ် ငါးသိန်းမှ အများဆုံးကျပ် ၁၅ သိန်းအထိ ငွေဒဏ် ချမှတ်ရမည်။ ယင်းတားမြစ်ချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို နှစ်လထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ် တစ်ဆယ်သိန်းမှ အများဆုံးကျပ်သိန်း ၃၀ အထိ ငွေဒဏ် ချမှတ်ရမည်။

၄၉။ သားသတ်ရုံ တည်ထောင်ခြင်းလုပ်ငန်း၊ သားသတ်ခြင်းလုပ်ငန်း၊ မျိုးခြံလုပ်ငန်း သို့မဟုတ် ဥဖောက်စက်လုပ်ငန်း လုပ်ကိုင်သူ မည်သူမဆို -

(က) ပုဒ်မ ၄၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံးကျပ် တစ်ဆယ်သိန်းမှ အများဆုံးကျပ် ၁၅ သိန်းအထိ ငွေဒဏ် ချမှတ်ရမည်။

( ခ ) ပုဒ်မ ၄၄ ပါ တားမြစ်ချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည်။

48. If any person who is the holder of a permit or recommendation certificate:

(a) violates the prohibition of sub-section (a) of section 43,he or she shall, on conviction, be punished with a fine from a minimum of two million kyats to a maximum of seven million and five hundred thousand kyats. If that person violates such prohibition again, he or she shall, on conviction, be punished with imprisonment for a term not exceeding six months and shall also be liable to a fine from a minimum of three million kyats to a maximum of ten million kyats;

(b) violates the prohibition of sub-section (b) of section 43, he or she shall, on conviction, be punished with a fine from a minimum of five hundred thousand kyats to a maximum of one million and five hundred thousand kyats. If that person violates such prohibition again, he or she shall, on conviction, be punished with imprisonment for a term not exceeding two months and shall also be liable to a fine from a minimum of one million kyats to a maximum of three million kyats.

49. If any person who establishes slaughterhouse, breeder farm or hatchery or who engages in slaughtering:

(a) violates the prohibition of section 44, he or she shall, on conviction, be punished with a fine from a minimum of one million kyats to a maximum of one million kyats and five hundred thousand kyats;

(b) violates the prohibition of section 44 again, he or she shall, on conviction, be punished with imprisonment for a term not exceeding six months.

၅၀။ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ၊ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် တိရစ္ဆာန်ကျန်းမာရေးလုပ်သားအဖြစ်လုပ်ကိုင်သူ မည်သူမဆို ပုဒ်မ ၄၅ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ် ချမှတ်ရမည်။ ယင်းတားမြစ်ချက်ကို ထပ်မံဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့် အပြင် အနည်းဆုံးကျပ် တစ်ဆယ်သိန်းမှ အများဆုံးကျပ်သိန်း ၁၀၀ အထိ ငွေဒဏ် ချမှတ်ရမည်။

၅၁။ (က) ပုဒ်မ ၄၆၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံးကျပ် နှစ်သိန်းအထိ ငွေဒဏ် ချမှတ်ရမည်။

(ခ) တိရစ္ဆာန်ကျန်းမာရေးလုပ်သားသည် ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံးကျပ် နှစ်သိန်းမှ အများဆုံးကျပ် တစ်ဆယ်သိန်း အထိ ငွေဒဏ် ချမှတ်ရမည်။

## အခန်း(၁၆)

## အထွေထွေ

၅၂။ ဦးစီးဌာနသည်-

(က) ဇဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်ကို မိမိဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၅၃။ ဦးစီးဌာနသည် ဆောင်ရွက်ရန်ရှိသည့် အရည်အသွေးဆိုင်ရာ စစ်ဆေးချက်များ သို့မဟုတ် ဓာတ်ခွဲခန်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ခွင့်ပြုလက်မှတ် ရရှိထားသော ဓာတ်ခွဲခန်းသို့ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

50. Any famer or veterinary service provider or community animal health worker violates any prohibition of section 45 shall, on conviction, be punished with a fine from a minimum of five hundred thousand kyats, to maximum of five million kyats. If that person violates such prohibition again, he or she shall, on conviction, be punished with imprisonment for a term not exceeding three months and shall also be liable to a fine from a minimum of one million kyats to a maximum of ten million kyats.

51. (a) Whoever violates the prohibition of subsection (a) of section 46 shall, on conviction, be punished with a fine from a minimum of fifty thousand kyats to a maximum of two hundred thousand kyats.

(b) A community animal health worker who violates the prohibition of subsection (b) of section 46 shall, on conviction, be punished with a fine from a minimum of two hundred thousand kyats to a maximum of one million kyats.

## Chapter XVI

## Miscellaneous

52. The Department shall:

(a) undertake the office work of the Central Committee;

(b) bear the honorarium and allowance for the members of the Central Committee who are not civil service personnel, from its own budget.

53. The Department may refer the quality standard testing or laboratory matters to a laboratory which has obtained a permit under this Law.

၅၄။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်–

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

( ဂ ) ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၅၆။ တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၇ / ၁၉၉၃ )ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

54. The offences in this Law are determined as cognizable offences.

55. In implementing the provisions of this Law:

(a) the Ministry may issue rules, regulations and by– laws with the approval of the Union Government;

(b) the Ministry and the Central Committee may issue notifications, orders, directives and procedures;

(c) the Department may issue orders and directives with the approval of the Ministry.

56. The Animal Health and Development Law (The State Law and Order Restoration Council Law No. 17/ 1993) is hereby repealed.

---

I hereby sign under the Constitution of the Republic of the Union of Myanmar.

(Sd.) Win Myint

President

Republic of the Union of Myanmar